**ကျုံလမုကျေးရွာ**

**အေးချောင်းကျေးရွာအုပ်စု၊ ဝါးခယ်မမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

# (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

အေးချောင်းကျေးရွာအုပ်စု၊ ကျုံလမုကျေးရွာ၊ ဝါးခယ်မမြို့နယ်

**( စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**

**ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက**

**ကူညီရေးဆွဲသည်။)**

၂၀၂၁ ခုနှစ်၊ မတ် လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီ** | |
| | **ကျုံလမုကျေးရွာသယံဇာတပြမြေပုံ၊ဝါးခယ်မမြို့နယ်** | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | |
| ၈။ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မရေးရာဆိုင်ရာကိစ္စ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |

| | | |
|---|---|---|
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

# ၁

## စကားချီး

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော အေးချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိ ရပ်ဖများ ၊ ကျေးရွာပြည်သူများနှင့် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျုံလမုကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်း ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူ တစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာ

ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာစနစ်တကျ ရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာဆောင်ရွက်တက်သည့်



အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိ ခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများ တွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲကေန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက်နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများကို ဆန်းစစ်သုံးသပ်ရန် နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင်ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊

ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေစသည့် အသေးစိတ် အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် ငှက်ပျောချောင်း ကျေးရွာအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျုံလမုကျေးရွာ
အေးချောင်းကျေးရွာအုပ်စု
ဝါးခယ်မမြို့နယ်

ရက်စွဲ၊၂၀၂၁ခုနှစ်၊ မတ်လ ရက်

# ကျုံလမုကျေးရွာ၊ သယံဇာတပြမြေပုံ



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီးမံကိန်း ၊ကျုံလမုကျေးရွာ
# Venn Diagram



ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ဝါးခယ်မမြို့နယ် အေးချောင်း ကျေးရွာအုပ်စု ကျုံလမု ကျေးရွာ

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| |  | | | | | | | | | | | |
| ရာသီဥတု |  | | | | | | | | | | | |
| အလုပ်အကိုင် |  | | | | | | | | | | | |
| လက်လုပ်လက်စားမိသားစုများဝင်ငွေရရှိမှု(မရှိ၊နည်း၊များ) | မရှိ | နည်း | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ |
| အသုံးစရိတ် | များ | များ | များ | နည်း | နည်း | နည်း | များ | များ | များ | များ | များ | များ |
| ချေးငွေလိုအပ်မှု | မရှိ | မရှိ | မရှိ | ရှိ | မရှိ | ရှိ | မရှိ | မရှိ | ရှိ | မရှိ | မရှိ | မရှိ |
| ဝမ်းစာဖူလုံမှု | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | များ | များ |
| သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ပွဲတော် | သင်္ကြန် | ညောင်ရေ | တရားပွဲ | သင်္ကန်းကပ် | သင်္ကန်းကပ် | သင်္ကန်းကပ် | မီးထွန်းပွဲ | ကထိန်ပွဲ | ကောက်သစ်ဆွမ်း | [illegible] | ထမနဲပွဲ | ဘုရားပွဲ |
| ကျန်းမာရေးအခြေအနေ | နည်း | နည်း | များ | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ |
| တိရိစ္ဆာန်အစာရရှိမှု | မရှိ | နည်း | နည်း | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | နည်း |
| တိရိစ္ဆာန်ရောဂါကျရောက်မှု | မရှိ | နည်း | နည်း | မရှိ | မရှိ | မရှိ | နည်း | နည်း | နည်း | နည်း | နည်း | နည်း |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | မရှိ | မရှိ | မရှိ | နည်း | နည်း | များ | နည်း | မရှိ | နည်း | နည်း | နည်း | နည်း |
| သောက်သုံးရေဖူလုံမှု | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း |

## (၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ဝါးခယ်မမြို့သည် ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြခရိုင် အတွင်းတွင်တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၅၉.၅၂) ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပြီး မြောင်းမြမြို့နယ် ၊ အိမ်မဲမြို့နယ်၊ ပန်းတနော်မြို့နယ် ၊ မအူပင်မြို့နယ် ၊ မော်လမြိုင်ကျွန်းမြို့နယ် ၊လပွတ္တာမြို့နယ်များနှင့် နယ်နိမိတ်ခြင်း ထိစပ်လျှက်ရှိပါသည်။ဝါးခယ်မမြို့နယ်တွင် မြို့(၂)မြို့ရှိပြီး ဝါးခယ်မမြို့ပေါ်ရပ်ကွက်(၁၄) ရပ်ကွက် ၊ ကျုံမငေးမြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက် စုစုပေါင်း(၁၉)ရပ်ကွက်ရှိပါသည်။ ကျေးရွာအုပ်စု (၁၂၆) အုပ်စု ၊ ကျေးရွာပေါင်း(၅၈၀)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိပါသည်။

ကျုံလမုကျေးရွာသည် ဝါးခယ်မမြို့၏အရှေ့တောင်ဘက်တွင်တည်ရှိ၍ အေးချောင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဝါးခယ်မမြို့ နှင့် (၁၀) မိုင်ခန့် ကွာဝေးပြီး ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် သွားလာပါသည်။ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှာ ( ကျွန်းဒိတ်၊ သပြေချောင်း၊ သရက်တော) အစရှိသည့် ကျေးရွာအုပ်စုများဖြစ်ပြီး ဝါးခယ်မနယ်နမိတ်အနီးတွင်တည်ရှိပါသည်။

## (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ဝါးခယ်မမြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ်မှ ၁၆ဒီဂရီ ၅၀ မိနစ်ကြား၊အရှေ့လောင်ဂျီကျု၉၅ဒီဂရီ၁၁မိနစ်မှ ၉၅ဒီဂရီ၃၀မိနစ်ကြားတွင် တည်ရှိပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇွန်လ၊ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ဝါးခယ်မမြို့နယ်သည် မြစ်ချောင်းများ ပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းမှာ ပြန့်မလောမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေစသည်ဖြင့် အသုံးပြုနိုင်ပြီး သင်္ဘော၊ စက်လှေ များလည်း သွားလာနိုင်သော မြစ်များ ဖြစ်ပါသည်။ ကျုံလမုကျေးရွာတွင်လယ်မြေ (၁၇၁)ကေနှင့်ဥယျာဉ်ခြံမြေ(၁၂)ကေ စုစုပေါင်း မြေ (၁၈၃) ကေရှိပါသည်။ ကျေးရွာ တွင် မိုးစပါး၊ နွေစပါး ကို အဓိက စိုက်ပျိုးကြပြီး၊ ရာသီအလိုက် ပဲ၊ ရေတ်၊

စသည့် အခြားသီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော ဆေးဘက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။



**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများစုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ သာရေး / နာရေး ၊ ပညာရေး ၊ ဖွံ့ဖြိုးရေး ၊ မီးဘေး ၊ အမျိုးသမီးရေးရာနှင့်အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်းများ၏စွမ်းဆောင်နိုင်မှုမှာအားကောင်းပါသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

**၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

(က) သီးနှံစိုက်ပျိုးရေး

ကျုံလမုကျေးရွာတွင် လယ်မြေဧက ၂.၅ ဧက အောက် ပိုင်ဆိုင်သောဆင်းရဲသားတောင်သူ (၅)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ်(၂၀)အိမ်ထောင်စု၊ ၅ဧက မှ ၁၂.၅ဧက ကြား ပိုင်ဆိုင်သော တောင်သူလတ် (၈) အိမ်ထောင်စု၊ ၁၂.၅ဧက ထက်ပိုင်ဆိုင်သောတောင်သူ ကြီး (၇)အိမ်ထောင်စု ရှိကြပြီး လယ်မြေ နှင့် ဥယျာဉ်ခြံမြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စု များသည် အများအားဖြင့် စပါးစိုက်ပျိုး ထုတ်လုပ်ခြင်းကို အဓိကထားလုပ်ကိုင်ကြပြီး ပဲ၊ ဂေရုတ် စပါးအစရှိသည့်အခြားသီးနှံများကိုရာသီပေါ်အဖြစ် စိုက်ပျိုးထုတ်

လုပ်ကြပါသည်။ စိုက်ပျိုးထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သောလယ်သမားများနှင့် လုပ်သားများနေထိုင်ရာကျေးရွာတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာ၏ ဆန်စပါးထုတ်လုပ်မှုနှင့် သက်ဆိုင်သော သဘာဝအရင်းအမြစ်များ ပေါ်များသည့် အလျောက် အကျိုးအမြတ်များ ပိုမို ဖြစ်ထွန်းရန်အတွက် အကျိုးအမြတ်ပိုမိုရရှိရေး ရာသီဥတုမရွေးစိုက်ပျိုးနိုင်သည့် အထွက်နှုန်းတိုးသော စပါးမျိုးကောင်းမျိုးသန့်ရရှိရေး ဈေးကွက်အတွင်း အဆင့်မှ ရောင်းချနိုင်သည်အထိ တိုးတက်ထုတ်လုပ်နိုင်သည့် နည်းလမ်းများကို ရှာဖွေ အား ထုတ်ရမည် ဖြစ်ပါသည်။လယ်ယာ/ဥယျာဉ်ခြံစိုက်ပျိုးရေး လုပ်ကိုင် သူများမှာ ကိုယ်ပိုင် စိုက်ပျိုးရေးသုံး ကိရိယာများအနေဖြင့် လက်တွန်းထွန်စက်၊ထွန်စက်၊ ခြွေလှေ့စက်၊ မြက်ရိတ်စက်၊ ရေစုပ်စက်များ ပိုင်ဆိုင်ကြပါသည်။

ကျုံလမုကျေးရွာသည်မြို့နယ်နှင့် အလှမ်းကွာဝေးသောကြောင့် စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဝန်ဆောင်မှုများ ရရှိရန် ခက်ခဲပြီး စိုက်ပျိုးရေး နည်းပညာနှင့် ဝန်ဆောင်မှုများလွယ်ကူစွာ ရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။



(ခ) မွေးမြူရေးလုပ်ငန်း

ကျုံလမုကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးအဖြစ် ဝက်မွေးမြူသည့် အိမ်ထောင်စု (၅) အိမ်ရှိပြီး ဝက်ကောင်ရေ(၅)ကောင်၊ ကြက်မွေးမြူသည့်အိမ်ထောင်စု(၁၉)အိမ်ရှိပြီး ကြက်ကောင်ရေ(၁၇၈)ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု(၈)အိမ်ရှိပြီး ဘဲကောင်ရေ(၅၆)ကောင် မွေးမြူကြပါသည်။ ကျေးရွာ၌ ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် ရောဂါကာကွယ်ရေး၊ ကုသရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများကိုတွင်ကျယ်စွာ လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျုံလမုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင် ၊ ပန်းရံ၊ စက်ချုပ်၊ ဆိုင်ကယ် ကယ်ရီလိုက်ခြင်း ၊ အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရလုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာ နှင့် ငွေကြေးအရင်းအနှီး လိုအပ်မှုများ ရှိနေပါသည်။ လုပ်ငန်းနှင့် သင့်လျော်သော

ထုတ်ချေးငွေရရှိပါက စက်လှေဝယ်ယူ၍ စပါးပို့လိုခြင်း၊ ခေါင်းရွက်ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ ( စက်ပြင်ခြင်း၊ စက်လှေအငှားလိုက်ခြင်း ) လုပ်ကိုင်လိုကြပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာထုတ်ချေးပြီး တစ်ကေလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးသည့် ကေမှာ (၁၀) ကေ အတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀၀/-) သိန်းဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၆၇) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ



ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ကေ ကုန်ကျစရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

ကျုံလမုကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးရေးတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျုံလမုကျေးရွာသည် ဝါးခယ်မမြို့၏အရှေ့တောင်တွင်တည်ရှိပြီး ဝါးခယ်မမြို့နှင့် (၁၀)မိုင်ခန့်ကွာဝေးပါသည်။ ဝါးခယ်မမြို့သို့ ကုန်းလမ်း၊ ရေလမ်း သွားလာကြပါသည်။ ကျေးရွာမှာ ဝါးခယ်မမြို့နယ်နှင့်မနီးစပ်သောကြောင့် ကုန်စည်စီးဆင်းမှုအား အားနည်းပါသည်။ကျေးရွာရှိလမ်းများမှာကွန်ကရစ်လမ်းဖြစ်သောကြောင့်သွားလာရအဆင်ပြေပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် (စက်ဘီး၊ ဆိုင်ကယ်၊ စက်လှေ)ကိုသာအသုံးပြုကြပါသည်။ ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာမှကိုယ်ထူကိုယ်ထစနစ်ဖြင့်ဆောင်ရွက်ထားရှိလျှက်ရှိပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျုံလမုကျေးရွာနေအိမ်ထောင်စုများမှာ ဆိုလာ၊ ဒီဇယ်အင်ဂျင်၊ ဖယောင်းတိုင်၊ ဘတ္တရီမီး အသုံးပြုကြပါသည်။ ကိုယ်ပိုင်ဒီဇယ်အင်ဂျင်နှင့်အငှား မီးသုံးစွဲကြသော အိမ်ထောင်စု အချို့ရှိပြီး



ကျေးရွာ နေပြည်သူအများစုမှာ မီးလင်းရေးအတွက် ဘတ္တရီငှားရမ်းအသုံးပြုမှုနှင့် ဖယောင်းတိုင်တို့ကို အသုံးပြုလျှက်ရှိပါသည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ကျုံလမုကျေးရွာတွင် မုန်တိုင်းသတင်း၊ လျှောင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ စလောင်းဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက် အသွယ်နှင့် နည်းပညာရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းတာဝါတိုင် တပ်ဆင်ထားရှိမှု မရှိသေးသဖြင့် ဖုန်းအင်တာနက်လိုင်း အသုံးပြုရာတွင် အခက်အခဲရှိပါသည်။

**(ဃ) ပညာရေး**

ကျုံလမုကျေးရွာ၌ မူလတန်းကျောင်း (၁) ကျောင်း  တည်ရှိပါသည်။ ကျောင်းမှာ အုတ်ညှပ်သွပ်မိုး အမျိုးအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် စာရေးခုံ ၊ စားပွဲ၊ ကုလားထိုင် ၊ ပရိဘောဂများလုံလောက်မှုမရှိသောကြောင့် ကျောင်းသား/သူများ စာသင်ကြားရာတွင် အခက်အခဲရှိပါသည်။ ကျောင်း၌ ဆရာ/ဆရာမ ကျား(၃)ဦး၊ မ(၂)ဦး စုစုပေါင်း(၅)ဦး ရှိပါသည်။ ကျောင်းသားနှင့် ဆရာ/ဆရာမအချိုးမှာ(၄၀း၁)အောက်ရှိသဖြင့် ဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုအနေဖြင့် ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးဖြစ်ပါသည်။

ကျုံလမုကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၁၃၉)ဦး၊ အလယ်တန်းအဆင့်ကျောင်းနေသူ(၄၈)ဦး၊အထက်တန်းအဆင့်ကျောင်းနေသူ(၂၁)ဦး ၊ တက္ကသိုလ်/ကောလိပ်ကျောင်းနေသူ(၄)ဦးရှိပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း(၂၇၆)ဦးရှိသည့်အနက် စာတတ်မြောက်မှုဦးရေရာခိုင်နှုန်းမှာ (၇၆%)ခန့် သာရှိပါသည်။

## (၇) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အေးချောင်းကျေးရွာအုပ်စု၊ ကျုံလမုကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျုံမငေးမြို့ ဆေးရုံသို့ သွားရောက်ကုသကြရပြီး ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချို ၊ငှက်ဖျား ၊ အသည်းရောဂါ(ဘီ၊စီ)စသည့် ရောဂါများ အနည်းငယ် ဖြစ်ပွားလေ့ရှိပါသည်။



ကျေးရွာအား ကျန်းမာရေး  အသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေး ပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် မြစ်/ချောင်းရေကိုသာ အဓိကထားအသုံးပြုကြပါသည်။ စိုက်ပျိုးရေအဖြစ် မြစ်/ချောင်းရေကို ရာသီမရွေး သုံးစွဲနိုင်ပါသည်။ ကျုံလမုကျေးရွာ၌ အမှိုက်သရိုက်များ လွန်စွာနည်းပါးခြင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမှာလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါ သည်။ ကျေးရွာ

တွင် အိမ်ထောင်စုပေါင်း (၆၄) အိမ်ထောင်စုရှိပြီး ရေလောင်း/ ယင်လုံအိမ်သာကို အများဆုံး အသုံးပြုကြသော်လည်း အိမ်သာမရှိသောအိမ်ထောင်စုများမရှိပါ။ သန့်ရှင်းသောရေလောင်း/ ယင်လုံ အိမ်သာသုံးစွဲမှု အသိပညာလိုအပ်ပါသည်။

**(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျုံလမုကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့်မိုးဦးကာလတွင် မုန်တိုင်း ကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပြီးလျှင်လျှပ်ခြင်းလည်း ရံဖန်ရံခါ ဖြစ်ပေါ်တတ်ပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိသည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်း အချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ် ထားရှိပါသည်။

**(၉) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ကျုံလမုကျေးရွာတွင် လူဦးရေ(၂၇၆) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၁၄၅)ဦး နှင့် အမျိုးသမီးဦးရေ(၁၃၁)ဦး ဖြစ်ပါသည်။ ကျား၊မလူဦးရေရာခိုင်နှုန်းမှာ ကျား(၅၂%)၊ မ(၄၈%) ကျေးရွာတွင်ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၆၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၅၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသား/သမီးလျှင်တစ်ဦးလျှင် (၅၀၀၀-၄၀၀၀)နှုန်းခန့် ရရှိကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေးရွာရေး ကိစ္စများ တွင်ပါဝင်ဆောင်ရွက်မှုအားနည်းနေပါသည်။

ကျုံလမုကျေးရွာ

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည် | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစီမံချက် | ၁၀၀ | ၁ |
| ၂ | မီးလင်းရေးလုပ်ငန်းစီမံချက် | ၈၈ | ၂ |
| ၃ | ရေသန့်စင်စက်ရရှိရေးစီမံချက် | ၇၂ | ၃ |
| ၄ | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်းစီမံချက် | ၆၃ | ၄ |
| ၅ | စာကြည့်တိုက်တည်ဆောက်ရေးစီမံချက် | ၅၈ | ၅ |
| ၆ | ချောင်းကူးတံတားတည်ဆောက်ရေးစီမံချက် | ၅၅ | ၆ |
| ၇ | အားကစားကွင်းတည်ဆောက်ရေးစီမံချက် | ၄၈ | ၇ |

## ဝါးခယ်မမြို့နယ် အေးချောင်းကျေးရွာအုပ်စု၊ ကျုံလမုကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်ရွှေ | ဦးဖိုးသောင်း | ၁၄/ဝခမ(နိုင်) ၁၈၄၄၃၈ | ၄၅ | ဥက္ကဋ္ဌ | 09-429312245 |
| ၂ | ဦးသိန်းဇော် | ဦးမြသောင်း | ၁၄/ဝခမ(နိုင်) | ၃၉ | အတွင်းရေးမှူး | 09- |
| ၃ | ဦးသက်နိုင်ဝင်း | ဦးသိန်းဝင်း | ၁၄/ဝခမ(နိုင်) ၁၅၈၄၃၀ | ၃၉ | ဘဏ္ဍာရေးမှူး | 09-428679579 |
| ၄ | ဒေါ်စန်းစန်းရီ | ဦးဖိုးသောင်း | ၁၄/ဝခမ(နိုင်) | ၃၁ | စာရင်းကိုင် | 09-660138824 |
| ၅ | ဦးသန်းထွဋ် | ဦးတင်အောင် | ၁၄/ဝခမ(နိုင်) ၁၁၁၇၀၉ | ၄၂ | ဝယ်ယူရေးဆပ်ဥက္ကဋ္ဌ | 09-262450680 |
| ၆ | ဦးရွှေကြိုင် | ဦးစစ်တပည့် | ၁၄/ဝခမ(နိုင်) ၀၇၈၃၇၂ | ၆၀ | အဖွဲ့ဝင် | 09-250323704 |
| ၇ | ဦးမင်းမင်းထွန်း | ဦးအောင်ထွန်း | ၁၄/ဝခမ(နိုင်) | ၃၆ | အဖွဲ့ဝင် | 09-422784557 |
| ၈ | ဒေါ်ဥမ္မာ | ဦးအောင်မြိုင် | ၁၄/ဝခမ(နိုင်) | ၄၆ | အဖွဲ့ဝင် | 09- |
| ၉ | ဒေါ်အေးအေးသင်း | ဦးကျော်အေး | ၁၄/ဝခမ(နိုင်) ၁၇၃၅၆၄ | ၃၂ | အဖွဲ့ဝင် | 09-251610110 |
| ၁၀ | ဒေါ်တင်နီလာဝင်း | ဦးစန်းဝင်း | ၁၄/ဝခမ(နိုင်) ၃၀၇၇၁၁ | ၂၃ | အဖွဲ့ဝင် | 09-260437721 |
| ၁၁ | စဝင်းဘယ် | ဦးထွန်းခင် | ၁၄/ဝခမ(နိုင်) | ၄၅ | အဖွဲ့ဝင် | 09- |

နောက်ဆက်တွဲ (၃)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | | | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉ | ၁၀ | ၁၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၇ | ၁၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၉ | ၉ | ၁၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၁ | ၉၃ | ၁၉၄ | ၁ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၂ | ၂၆ | | |
| **စုစုပေါင်း** | | **၁၄၅** | **၁၃၁** | **၂၇၆** | **၁** | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၆၄ | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)နှစ် မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျုံလမုကျေးရွာ၏ လူဦးရေမှာ (၂၇၆)ဦးရှိပြီး အသက် ၅နှစ်အောက် ကလေးငယ် နည်းပါးပြီး အလုပ်လုပ်နိုင်သော လူဦးရေမှာ ရွာရှိလူဦးရေ၏ ထက်ဝက်ကျော်မှုရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၅ | ၇၃ | ၄ | ၄၇ | ၂၆ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၇ | ၂၉ | | ၁၁ | ၁၈ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၄ | ၂၈ | | ၂၃ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ဝန်ထမ်း | | | | | | | |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | း / ဝန်ထမ်း | | | | | | | လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၉ | ၄၃ | ၂ | ၂၁ | ၂၂ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။

ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျုံလမုကျေးရွာသည် စိုက်ပျိုးကဏ္ဍသာ အဓိကထားလုပ်ကိုင်ကြပြီး လယ်ပိုင်ဆိုင်သူ အနည်းငယ်သာရှိ၍ ဈေးရောင်းဈေးဝယ်လုပ်ကိုင်သူနည်းပါးကာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူအချို့နှင့်ကျပန်းလုပ်ကိုင်သူများပြားကြောင်းလေ့လာတွေ့ရှိ ရပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။ ။** ကျုံ့လမုကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက လုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၆၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးတစ်နေ့ လုပ်အားခမှာ ၅၀၀၀ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံး တစ်နေ့ လုပ်အားခ မှာ ၅၀၀၀ကျပ်ဖြစ်၍ အနည်းဆုံး တစ်နေ့လုပ်အားခမှာ ၄၀၀၀ ကျပ်ဖြစ်ပါသည်။ လက်သမား ပန်းရံ လုပ်ငန်းများ မှာလည်း ကျွမ်းကျင်လုပ်သားမရှိဘဲ နေ့စားလုပ်ကိုင်သူများရှိပြီး လုပ်ခအားနှုန်းထားများအား ကျား/မအလိုက် ခွဲခြားသတ်မှတ်ပေးထားကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၇၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၁၂ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၈၃** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျုံ့လမုကျေးရွာ၏ လယ်မြေများသည် မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပြီး စပါးစိုက်ပျိုးခြင်းကိုသာ အဓိကထားလုပ်ကိုင်ပြီး ဥယျာဉ်ခြံစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** ကျုံလမုကျေးရွာတွင်ခေတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ၊ ကျောက်ခဲ၊ ကျောက်စရစ် များမထွက်ရှိဘဲ ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါး ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေး လုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | ၇ | ၈ | ၂၀ | ၂၉ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ဥစ္စာဓနအဆင့်အခြေအနေမှာ အလွန်အဆင်ပြေဆုံး အိမ်ထောင်စုမှာနည်းပါးပြီး ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၌ဆင်းရဲပြီး အလုပ်အကိုင်နှင့်အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၁၀ | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ၇<br>လုပ်အားခကြိုယူ = ၃ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၄ | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ၄ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** မပြေလည်သောအိမ်ထောင်စု(၁၄)စုအား လေ့လာကြည့်ရှုခဲ့ရာ ၃လအောက်နှင့် ၃

လမှ ဖလအတွင်းသာ ဝမ်းစာဖူလုံမှုသာရှိသောကြောင့် လုပ်အားခကြိုတင်ယူကြရသဖြင့် အကြွေးတင်ရှိမှု ရှိပါသည်။ အကြွေးတင်ရှိမှုမှာ လည်း ဆွေမျိုး(သို့) မိတ်ဆွေများဆီမှ လုပ်အားခကြိုတင်ရယူ၍ မိသားစု စားဝတ်နေရေးအတွက်သာ သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | ၃ | ၂ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ကျုံလမုကျေးရွာတွင် သက်ကြီးရွယ်အို ဖ၄နှစ် နှင့်အထက် လူကြီးများရှိသော်လည်း မိသားစုစောင့်ရှောက်မှုရှိကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများရှိသော်လည်း အခြားဒေသများသို့ ပြောင်းရွှေ့ လုပ်ကိုင်ကြခြင်းမရှိဘဲ မိမိတို့ကျေးရွာအတွင်း၌ အခြားဝင်ငွေရလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်နေသည့်အိမ်ထောင်စုများရှိကြောင်း တွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✓ | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | ✓ | | | ✓ | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | ငလျင် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | ✓ | | | ✓ | |
